## ၇။ ယင်ဖြူ

**Whitefly: *Aleurodicus dispersus* (Russell, 1965)**

**Hemiptera :Aleyrodidae**

**ဖျက်ကောင်ပုံသဏ္ဍာန်များ**




ဥများသည် မျက်နှာပြင်ချောမွေ့၍ ဘဲဥပုံ သဏ္ဍာန်ရှိပြီး အဝါရောင်ရှိသည်။ ဥများကို ခရုပတ်ပုံစံ အုလေ့ရှိသည်။ အရွယ်ရောက်ကောင်ဖြစ်သည့် အကောင်ကြီး၏ အတောင်ပံသည် အဖြူရောင်ရှိပြီး ဖယောင်းလွှာဖြင့် ဖုံးထားသော ဖလံပုံစံအင်းဆက်ဖြစ်သည်။

**ဖျက်ဆီးပုံလက္ခဏာများ**



အရွက်များတွင် အဝါရောင်အစက်အပြောက်များတွေ့ရ ပြီး ဆိုးဆိုးရွားရွား ကျ ရောက်ပါက အရွက်များတွင် တွန့်လိပ်နေသည်ကိုတွေ့ရသည်။

**ဘဝစက်ဝန်း**

| | |
|---|---|
| ဥ အဆင့် | **– (၇–၁၀)** ရက် |
| လောက်ကောင် အဆင့် | -(၁၁-၂၂)ရက် |
| ရုပ်ဖုံး အဆင့် | -(၅-၁၆)ရက် |

အကောင်ကြီးအဆင့်                    -(၁၄)ရက်

**ဘက်စုံကာကွယ်နှိမ်နင်းနည်းလမ်းများ**

(၁) စိုက်ခင်းပတ်ဝန်းကျင်တွင် လိပ်ခုံးကျိုင်းကဲ့သို့သော သဘာဝမိတ်ဆွေပိုးများကို ကာကွယ်ထိန်းသိမ်းပါ။

(၂)အဝါရောင်ပိုးဖမ်းထောင်ချောက်တပ်ဆင်အသုံးပြုပါ။

(၃) ထိသေ၊စားသေ (သို့) ပင်လုံးပြန့်အာနိသင်ရှိပိုးသတ်ဆေးတစ်မျိုးမျိုးကို ဆေးအညွှန်းအတိုင်းပက်ဖျန်းပါ။ ပိုးသတ်ဆေးများ ကို အသုံးပြုပါက  အညွှန်းစာ တွင် ဖော်ပြ ထားသည့် မခူးဆွတ်မီစောင့်ဆိုင်းရမည့်ကာလ Pre-harvest Interval (PHI) ကို လိုက်နာ၍ စနစ်တကျခူးဆွတ်ပါ။

- ဒိုင်မီသိုအိတ် (Dimethoate)
- အဆီတာမီပရစ် (Acetamiprid)
- ဒိုင်နိုတီဖျူရမ် (Dinotefuran)
- စပီရိုတတ်ထရာမက် (Spirotetramat)
- စပီရိုမက်စီဖန် (Spiromesifen)